ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
သီးနှံကာကွယ်ရေးဌာနခွဲ

စာအမှတ်၊ PPD / PQ / ၂၀၂၂ ( ၂၈၆ )
ရက်စွဲ ၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၇ ရက်

အကြောင်းအရာ။ **နှစ်သစ်ကူးရုံးပိတ်ရက်တွင် ရုံးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးခြင်း**

၁။ စိုက်ပျိုးရေးဦးစီးဌာနသည် အပင်နှင့်အပင်ထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရန်အတွက် အပင်ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ် Phytosanitary Certificate (PC) နှင့် ပြည်ပမှတင်သွင်းရန်အတွက် တင်သွင်းခွင့်ထောက်ခံချက်လက်မှတ် Import Certificate (IC) များကို ပြဋ္ဌာန်းထားသည့် အပင်ပိုးမွှားကာကွယ်သည့် ဥပဒေနှင့်အညီ သီးနှံနမူနာများအား စစ်ဆေးပြီး စိစစ်ဆောင်ရွက်ထုတ်ပေးလျှက်ရှိပါသည်။

၂။ နှစ်သစ်ကူးရုံးပိတ်ရက်များတွင် ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရန်အတွက် (၉.၄.၂၀၂၂ မှ ၁၂.၄.၂၀၂၂) ရက်နေ့ အထိ (၄)ရက်တိုင် အချိန်ပိုဆင်း၍ စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံနမူနာများအား စစ်ဆေးပြီး ပိုးမွှားကင်းရှင်းပါက တင်ပို့ရန်အတွက် PC ထုတ်ပေးခြင်း၊ တင်သွင်းမည့်ကုန်စည်များအတွက် IC ထုတ်ပေးခြင်း၊ Myanma Automated Cargo Clearance System (MACCS) စနစ်ဖြင့် ချိတ်ဆက်စစ်ဆေးပြီး ဖျက်ပိုးကင်းရှင်းပါက တင်သွင်းခွင့်ပြုခြင်းတို့ကို အချိန်နှင့် တပြေးညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သက်ဆိုင်ရာကုန်သည်အသင်းအဖွဲ့များသို့ အသိပေးအကြောင်းကြားပါသည်။

7.4.2022

(ဇော်လင်း)
ညွှန်ကြားရေးမှူး

- မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ ရန်ကုန်
- မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ ရန်ကုန်
- မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း
- မြန်မာနိုင်ငံ ကော်ဖီအသင်း
- သစ်လုပ်ငန်းရှင်များအသင်း

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ် (ရုံးခန်း)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်
ဒုတိယ ညွှန်ကြားရေးမှူးချုပ် (နည်းပညာ)၊ စိုက်ပျိုးရေးဦးစီးဌာန
ရုံးလက်ခံ